**(၄) ဖေဖေမေမေတို့နဲ့လူချင်းကွဲသွားရင်**

(၁) လျှောက်ရှာရမယ်
(၂) ကွဲသွားတဲ့ နေရာမှာပဲ ရပ်နေပြီး ရဲနဲ့လုံခြုံရေးဝန်ထမ်းတွေကို အကူညီတောင်းမယ်
(၃) အနားက လူကြီးတစ်ယောက်ယောက်ကို ပြောပြီး သူနဲ့အတူတူမေမေဖေဖေတို့ကိုလိုက်ရှာမယ်

**(၅)မေမေနဲ့အတူတူကားလမ်းကူးတဲ့အခါ**

(၁) မေမေ့လက်ကိုကိုင်ထားမယ်
(၂) မေမေ့လက်ကိုမကိုင်ဘဲနဲ့တစ်ယောက်တည်းကူးမယ်
(၃) မေမေ့ရှေ့ကနေပြေးပြီးတော့ကားလမ်းကူးမယ်

**(၆) ဘယ်လိုခုံတွေပေါ်ပဲတက်ကစားမလဲ**

(၁) ပလတ်စတစ်ခုံ
(၂) သစ်သားခုံ
(၃) ခြေထောက်မခိုင်ဘဲနဲ့နေတဲ့ခုံ





**“သားသား ခုံပေါ်တက်လို့ ရတယ်၊**
**ဒါပေမဲ့ ခိုင်တဲ့ ခုံပေါ်ကို တက်ရမယ်၊ မခိုင်တဲ့ ခုံပေါ်ကို မတက်ရဘူးနော်”** လို့ အမြဲ လှမ်းလှမ်းပြောတယ်။

ခိုင်တဲ့ ခုံနဲ့ မခိုင်တဲ့ ခုံကို သားသား ဘယ်လိုခွဲလဲ သိလား။







**လူကြီးနဲ့ ကလေး အပြန်အလှန် ဆွေးနွေးပါ။**

(၁) ကားအကြီးကြီးတွေအောက်ထဲကိုဝင်ကစားရင်ဘာဖြစ်တတ်လဲ။

(၂) ထွက်တော့မယ့်ကားအနောက်မှာဘာလို့မနေရတာလဲ။

(၃) လမ်းပေါ်က ခွေးတွေ ကြောင်တွေကို ဘာလို့ သွားမကိုင်ရ၊သွားမစရတာလဲ။

(၄) ကားထွက်နေတဲ့ အချိန် ကားပေါ်မှာ ငြိမ်ငြိမ်မနေရင် ဘာဖြစ်တတ်လဲ။

(၅) မီးပလပ်ပေါက်ကို လက်နဲ့ ကိုင်မိရင် ဘာဖြစ်တတ်လဲ။

**လူကြီးများ ပြန်ဖြေဖို့**

(၁) ဘာလို့လဲဆိုတော့ ကလေးတို့ ကားအောက်ထဲမှာ ရောက်နေတယ်ဆိုတာကို ကားမောင်းသူက မသိဘူးလေ။ ဒီတော့ ကားကို မောင်းထွက်သွားမယ်ဆိုရင် ကားအောက်ထဲက ကလေးတို့အတွက် အသက်အန္တရာယ် ဖြစ်စေနိုင်လို့ပါ။





(၂) ထွက်တော့မယ့်ကားရဲ့နောက်မှာ ဘယ်တော့မှ မနေရဘူး။ ဘာကြောင့်လဲဆိုတော့ ကားမောင်းသူက ကားကို နောက်ဆုတ်လိုက်မယ် ဆိုရင် ကလေးတို့ကိုတိုက်သွားနိုင်လို့ပဲ။

(၃) လမ်းပေါ်က ကြောင်တွေ ခွေးတွေကို သွားစရင်၊ ကိုင်ရင် အကိုက်ခံရနိုင်တယ်။ လမ်းပေါ်က ပိုင်ရှင်မဲ့ ခွေး၊ ကြောင်တွေဟာ စနစ်တကျ ကာကွယ်ဆေးထိုးထားတဲ့ ခွေး၊ ကြောင်တွေ မဟုတ်လို့ အကိုက်ခံရရင် ခွေးရူးရောဂါ အပါအဝင် တိရစ္ဆာန်ကနေတဆင့် ကူးစက်တတ်တဲ့ရောဂါတွေဖြစ်တတ်တယ်။

(၄) ကားပေါ်မှာ ငြိမ်ငြိမ်မထိုင်ရင် ရုတ်တရက် ကားဘရိတ်အုပ်တာ၊ကားချင်းတိုက်မိတာမျိုး ဖြစ်တဲ့အခါမှာ ကလေးတို့ ဒဏ်ရာပြင်းပြင်းရသွားနိုင်ပါတယ်။

(၅) မီးပလပ်ပေါက်ကို လုံးဝ မကိုင်ရပါဘူး။ လျှပ်စစ်ပစ္စည်းတွေဟာ စနစ်တကျ မကိုင်တွယ်ရင် အန္တရာယ်များပါတယ်။ ဓာတ်လိုက်တတ်တယ်။ ဒါကြောင့် မီးပလပ်ပေါက်တွေကို ကလေးတို့ လက်နဲ့ ဘယ်တော့မှ မထိုးထည့်ရ၊ မကိုင်ရပါဘူး။

■






ပလတ်စတစ်ခုံတွေ ဆိုရင် သားသား တက်လိုက်တာနဲ့ ခုံခြေထောက်တွေက ကွေးကျသွားတာလေ။ အဲဒီလို ခုံတွေက မခိုင်တဲ့ ခုံပေါ့။

ပြီးတော့ ကိုင်လိုက်တာနဲ့ နဲ့နေတဲ့ ခုံတွေ၊ လှုပ်နေတဲ့ ခုံတွေ၊ ဒီလို ခုံတွေပေါ်ကို သားသား မတက်ဘူး။ သစ်သားခုံတွေကတော့ ခြေထောက်တွေက ခိုင်တယ်။ သားသားက ခုံပေါ်တက် ကစားမယ်ဆိုရင် ခုံရဲ့ ခြေထောက်တွေက ခိုင်လား၊ မခိုင်လား ဆိုတာကို သေချာအောင် အရင်ကြည့်ပြီးမှ တက်တာဗျ။

“ကဲ … သားသား မတော်ဘူးလား ပြော”







သားသား မီးမီးတို့ မေးခွန်းလေးတွေကို ဖတ်ပါ။ ပြီးရင် ဘယ်အဖြေ မှန်လဲဆိုတာ ရွေးပေးကြဦးနော်။

**(၁) ခုံပေါ်ကနေအောက်ကိုခုန်ချတဲ့အခါ**

(၁) သံမံတလင်းပေါ်ခုန်ချမယ်
(၂) ဆူးတွေ၊အုတ်နီခဲတွေရှိတဲ့မြေပြင်ပေါ်ကိုခုန်ချမယ်၊
(၃) သဲမွမွရှိတဲ့ မြေပြင်ပေါ်ခုန်ချမယ်

**(၂) မီးဖိုထဲမှာသားသားမီးမီးက**

(၁) ငါးကြော်လို့ရတယ်
(၂) ဟင်းရွက်ခြွေလို့ရတယ်
(၃) ဂက်စ်မီးဖို၊လျှပ်စစ်မီးဖိုကိုဖွင့်ပေးလို့ရတယ်

**(၃) သားသားမီးမီးတို့ကားစီးတဲ့အခါ**

(၁) ရှေ့ခန်းမှာခါးပတ်ပတ်ပြီးစီးလို့ရတယ်
(၂) နောက်ခန်းမှာခါးပတ်မပတ်ဘဲထိုင်စီးရမယ်
(၃) နောက်ခန်းမှာခါးပတ်ပတ်ပြီးထိုင်စီးရမယ်